ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

စာအမှတ်၊ ၁(က)(၁)၂၀၁၈(၇၈၃၈)ကလရ။

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ မေလ( ၁၁ )ရက်။

**အကြောင်းအရာ။** **ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာ (Medical Engineering) ဒီပလိုမာသင်တန်း အတွက်လျှောက်လွှာခေါ်ယူထားခြင်းအား ပြင်ဆင်ချက်ပေးပို့ အကြောင်းကြားခြင်းကိစ္စ။**

ရည်ညွှန်းချက်။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏(၄-၅-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၁(က)(၁)၂၀၁၈(၆၇၁၄)ကလရ။

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(Japan International Cooperation Agency – JICA)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဆေးဘက် ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်တွင် ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာ (Medical Engineering) ဒီပလိုမာ(၁)နှစ်သင်တန်းကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း ရည်ညွှန်းပါစာဖြင့် လျှောက်လွှာ ခေါ်ယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါလျှောက်လွှာ၏ သတ်မှတ်ချက်အပိုဒ်(၂၀)ပါမှတ်ချက်(၃)တွင် "သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းမတက်ရောက်လျှင်သော်လည်းကောင်း၊ သင်တန်းကိုပြီးဆုံးအောင် မတက် ရောက်လျှင်သော်လည်းကောင်း၊ သင်တန်းပြီးဆုံးပြီးနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် အနည်းဆုံး(၂)နှစ်တာဝန်မထမ်းဆောင်လျှင်သော်လည်းကောင်း၊ ဒီပလိုမာသင်တန်းအတွက် သတ်မှတ် ထားသော လျော်ကြေးငွေကျပ်(၁၅)သိန်းတိတိ ပေးလျော်ရမည်ဖြစ်ကြောင်း ကတိခံဝန်ချက်ရေးထိုး ရမည်ဖြစ်ပါသည်" **ဟူသော ၎င်းစာသားအစား အောက်ပါအတိုင်းပြင်ဆင်ပါကြောင်း လျှောက်ထားမည့် ပုဂ္ဂိုလ်များသိရှိနိုင်ပါရန်အတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် အကြောင်းကြားပါသည်-**

**"သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းမတက်ရောက်လျှင်သော်လည်းကောင်း၊ သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်သော်လည်းကောင်း၊ ဒီပလိုမာသင်တန်းအတွက် သတ်မှတ်ထားသော လျော်ကြေးငွေကျပ်(၁၅)သိန်းတိတိ ပေးလျော်ရမည်ဖြစ်ကြောင်းနှင့် သင်တန်းပြီး ဆုံးပြီးနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် အနည်းဆုံး(၂)နှစ်မပျက်မကွက် တာဝန်ထမ်း ဆောင်ရမည်ဖြစ်ပါကြောင်း၊ တာဝန်ထမ်းဆောင်ခြင်းမရှိပါက သင်တန်းလျော်ကြေးငွေကျပ်သိန်း(၅၀) တိတိပေးလျော်ရမည့်အပြင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီအရေးယူ ခံရမည်ဖြစ်ပါကြောင်းကို သိရှိလိုက်နာမည်ဖြစ်ပါကြောင်း ကတိခံဝန်ချက်ရေးထိုးရမည်ဖြစ်ပါသည်။"**

(ဒေါက်တာတင်တင်လေး)

ညွှန်ကြားရေးမှူးချုပ်